မိတ်ကူးချိုစာပညာ
mgyoe.com

လူရာဝင်နိုဝင်း

ပထမအမျိုးသမီးလမ်းထွင်သူများ

စတုတ္ထအကြိမ်

mgyoe.com

ဒီနေ့ခေတ်ကြီးဟာ မိန်းကလေးတွေလည်း ယောကျ်ားလေးတွေနဲ့ တန်းတူ အလုပ်လုပ်ပြီး ပိုက်ဆံရှာကြတဲ့ခေတ် ဖြစ်ပါတယ်။ မိန်းကလေးတွေလည်း စက်တွေကိုင်တွယ်ရတဲ့ အင်ဂျင်နီယာလုပ်ရတာပဲ။ မိန်းကလေးတွေလည်း မီးပွိုင့်မှာ ဘတ်စ်ကားပေါ်က ခုန်ဆင်းရတာပဲ။ မိန်းကလေးတွေ မီးရထားတွဲအမိုးပေါ် တက်စီးနေတာတွေတောင် သာစည် – ရွှေညောင်ရထားမှာ အမြဲမြင်တွေ့နေရသေးတယ်။ ဒီနေ့ မိန်းကလေးတွေဟာ အိမ်ထဲမှာနေပြီး သိုးမွေးဆွယ်တာထိုးတာ၊ တက်တင်းထိုးတာ၊ ခေါင်းအုံးစွပ်ပန်းထိုးတာနဲ့ ဆန္ဒွင်းမကင်းဖုတ်တာမျိုးတွေ လုပ်မနေကြတော့ပါဘူး။ ယောကျ်ားလေးတွေလို ပြေးလွှားလှုပ်ရှားနေကြရတာပါ။ ပညာတွေ သင်ရတယ်၊ ပိုက်ဆံရှာရတယ်။

မြန်မာနိုင်ငံရဲ့ ၅၀ ရာခိုင်နှုန်းမကတဲ့ ဒီလုပ်အားတွေမပါဘဲ တိုင်းပြည်တိုးတက်ကြီးပွားအောင် လုပ်လို့မရနိုင်ပါဘူး။ အမျိုးသမီးတွေရဲ့လုပ်အားကို အများကြီး လိုအပ်နေပါတယ်။ အမျိုးသမီးတွေ ကာယအားဖြင့်ရော၊ ဉာဏအားဖြင့်ရော စိတ်ဓာတ်အားဖြင့်ပါ ကြံ့ခိုင်မှုရှိဖို့ အရေးကြီးပါတယ်။

မြန်မာနိုင်ငံမှာ ရှိခဲ့တဲ့၊ ရှိနေတဲ့ အမျိုးသမီးဂျာနယ်မဂ္ဂဇင်းတွေကို အားကိုးတကြီးနဲ့ ငဲ့စောင်းကြည့်လိုက်တဲ့အခါကျတော့.... (၁) ထမင်းဟင်းချက်နည်း

(၂) ဇာထိုးပန်းတွဲနည်း

(၃) ကိုယ်ကာယ အလှပြုပြင်နည်း

(၄) ကလေးပြုစုစောင့်ရှောက်နည်း

(၅) ဆေးမြီးတိုနဲ့ကုနည်း စတဲ့

အချက်တွေကိုသာ အဓိကထားနေသေးကြတာကို တွေ့နေရပါတယ်။

"မိန်းမရဲ့နေရာမှန်မှာ မီးဖိုချောင်ဖြစ်တယ်" ဆိုတဲ့ မဟာဖိုဝါဒသမားတွေရဲ့ လက်သုံးစကားအတိုင်း အမျိုးသမီးစာစောင်တွေကိုယ်တိုင်က အမျိုးသမီးတွေကို မီးဖိုချောင်ကိစ္စလောက်ကိုသာ ရေးကြီးခွင်ကျယ်လုပ်ပြီး ပညာပေးနေတာတွေ တွေ့မြင်နေရပါတယ်။

ဒီအချိန်ထိ ၁၈ ရာစုက ပုံစံအတိုင်း မိန်းကလေးတွေကို ပုံသွင်းနေလို့ မဖြစ်တော့ဘူး။ သူများနိုင်ငံက မိန်းကလေးတွေ လပေါ်ကိုတောင် တက်ခဲ့ကြပြီလေ။

ISBN 9789997118202
LHS11
9 789997 118202
2,000.00KS

mgyoe.com

ပထမအမျိုးသမီး လမ်းထွင်သူများ၊ လူထုစိန်ဝင်း
စာမျက်နှာ ၁၂၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၆ ကျော်မွှေးစာပေထုတ် တတိယအကြိမ်မှ

ရောင်းဈေး ၂၀၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

ပထမအမျိုးသမီး လမ်းထွင်သူများ
လူထုစိန်ဝင်း

ဝတ္ထုတွေရောကြိုင်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

၁။ အဆင့်မြင့် အမျိုးသမီးစာစောင်များ ပေါ်ထွက်ရေး

မတ်လဆန်းတုန်းက အထက်တန်းကျောင်းသူ ဂျပန်မလေး နှစ်ယောက် စာကလေးတစ်စောင်နှင့် လက်ဆောင်ပစ္စည်းအချို့ယူပြီး ရောက်လာခဲ့ပါတယ်။ စာကိုဖတ်ကြည့်လိုက်တော့ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က တပည့်ဖြစ်ဖူးတဲ့ ဂျပန်အမျိုးသမီးတစ်ယောက်က ရေးလိုက်တဲ့စာ ဖြစ်နေပါတယ်။

စာနဲ့ လက်ဆောင်ပစ္စည်းတွေ ယူလာသူ ဂျပန်မလေးဟာ တပည့်ဟောင်း ဂျပန်အမျိုးသမီးရဲ့ သမီးလေးဖြစ်ပါတယ်။ အထက်တန်းကျောင်းပြီးသွားလို့ သူငယ်ချင်းနှစ်ယောက် အရှေ့တောင်အာရှဒေသကို သွားလည်ဖို့ ထွက်လာကြတာပါတဲ့။ နှစ်ယောက်စလုံး အသက် ၁၇ နှစ်သာသာပဲ ရှိကြပါသေးတယ်။ တပည့်ဟောင်းရဲ့သမီးလေးကိုကြည့်ပြီး အံ့သြဝမ်းသာဖြစ်ရပါတယ်။

ဒီကလေးကို ကောင်းကောင်းသိပါတယ်။ သူ့နာမည်လေးက ကူမိကိုပါ။ သူ့အဖေက ဂျပန်ကုမ္ပဏီကြီးတစ်ခုရဲ့ အင်ဂျင်နီယာအဖြစ်နဲ့ ရန်ကုန်မှာလာပြီး အမှုထမ်းနေတာပါ။ သူတို့ကုမ္ပဏီက စီမံကိန်းကြီးတစ်ခုကို တာဝန်ယူလုပ်ဆောင်နေပါတယ်။ သူ့ဇနီးက အားနေတဲ့အချိန်တွေကို အသုံးချဖို့အတွက် အင်္ဂလိပ်စကားပြောသင်တန်း လာတက်ပါတယ်။ သူက ဂျပန်မှာ အင်္ဂလိပ်စာနဲ့ ဘွဲ့ရထားတာပါ။ ဒါပေမဲ့ ဂျပန်တွေရဲ့ ထုံးစံအတိုင်း အင်္ဂလိပ်စကားတွေ မပြောတတ်ပါဘူး။ ရန်ကုန်မှာ သူတို့ ၃ နှစ် နေသွား

mgyoe.com

mgyoe.com

ပါတယ်။ ၃ နှစ်စလုံး ဂျပန်အိမ်ရှင်မလေးက သင်တန်းလာတက်ပါတယ်။ မြန်မာကျောင်းသားတွေရဲ့ ဖော်ရွေမှုနဲ့ ခင်မင်တတ်မှုကြောင့် သူတော်တော်ပျော်နေပါတယ်။ ကလေးချစ်တတ်လို့ တစ်ခါတလေ ၂ နှစ်အရွယ် သမီးလေးကို ကျောင်းလာတဲ့အခါ ခေါ်လာခဲ့ပါလို့ ပြောတဲ့အတွက် သမီးလေးကို ခေါ်လာတတ်ပါတယ်။ ၂ နှစ်အရွယ်ဆိုတော့ 'တောက်တောက် တောက်တောက်' နဲ့ ပြေးဆော့နေတဲ့ ချစ်စရာအရွယ်လေးပေါ့။ သူ့နာမည်လေးက ကူမိကိုပါ။ အဲဒါကြောင့် သူ့ကို ကော်နီလို့ အမည်ပေးထားပါတယ်။ မြန်မာလိုလည်း 'ရွှေမိ' လို့ ပေးထားပါသေးတယ်။

အဲဒီတုန်းက ၂ နှစ်အရွယ် 'ရွှေမိ' လေးက အခုတော့ လူကြီးတစ်ယောက်ဖြစ်နေပြီလေ။ သူ့အဖေလိုပဲ ပိန်ပိန်သွယ်သွယ်နဲ့ ကြည့်လို့ကောင်းပါတယ်။ သူ့အမေလို မျက်စိမမှေးဘဲ မျက်လုံးလေး ပြူးဝိုင်းဝိုင်းကြီးနဲ့မို့ ပိုပြီးချစ်စရာကောင်းပါတယ်။

'ရွှေမိ' လေးနဲ့ သူငယ်ချင်းမလေးဟာ ခရီးထွက်လာကြတာ တစ်လကျော်ပါပြီ။ ထိုင်း၊ ဗီယက်နမ်နဲ့ လောနိုင်ငံတွေကို ရောက်ခဲ့ပြီးပါပြီ။ မြန်မာပြည်မှာ နှစ်ပတ်ကြာလည်ပတ်ပြီးရင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကို ဆက်သွားမယ်လို့ ပြောပါတယ်။ သူတို့လေးတွေကိုကြည့်ပြီး အားကျမိပါတယ်။ သူငယ်ချင်းနှစ်ယောက်သား လွတ်လွတ်လပ်လပ် သွားလာလည်ပတ်နေရတာ ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ။ ဂျပန်ကျောင်းသူလေးနှစ်ယောက်ကို ကြည့်ရင်းနဲ့ ရန်ကုန်က မန္တလေးကို ကုမ္ပဏီအလုပ်ကိစ္စနဲ့ ၁၀ ရက်လောက် ခရီးထွက်ရတာတောင်မှ အမေက အဖော်လိုက်ပေးနေရတဲ့ တပည့် စာရင်းကိုင်မလေးတစ်ယောက်ကို တွေးလိုက်မိပါတယ်။ စာရင်းကိုင်မလေးဟာ ဘွဲ့ရပြီး LCCI တတိယအဆင့်ထိ အောင်ပြီးပါပြီ။ အသက်ကလည်း ၂၈ နှစ်ရှိပါပြီ။ ဒါပေမဲ့ ဘယ်သွားသွား အမေက အဖော်လိုက်ပေးနေရပါတယ်။

ဂျပန်ကျောင်းသူလေးနှစ်ယောက်ဟာ အခုလိုနိုင်ငံရပ်ခြား ခရီးထွက်လာတာ မိဘအကူအညီမပါဘူး။ သူတို့ပိုက်ဆံ သူတို့ရှာပြီး ထွက်တာပါတဲ့။ သူတို့နှစ်ယောက်စလုံး အသက် ၁၄ နှစ် အရွယ်ကတည်းက ကျောင်းနေရင်းတန်းလန်းနဲ့ အချိန်ပိုင်းအလုပ်တွေ ဝင်လုပ်ကြပါတယ်တဲ့။ စားသောက်

mgyoe.com

mgyoe.com

ဆိုင်မှာလည်း လုပ်ဖူးတယ်။ ဓာတ်ဆီဆိုင်မှာလည်း လုပ်ဖူးတယ်။ စက်ရုံတွေမှာလည်း လုပ်ဖူးတယ်။ နောက်ဆုံး ကုမ္ပဏီရုံးခန်းကြီးတွေမှာ တံမြက်စည်းလှည်း၊ သန့်ရှင်းရေးလည်း လုပ်ဖူးတယ်။ ၃ နှစ်လောက် ကြုံရာအလုပ်တွေလုပ်ရင်း ငွေစုပြီးမှ ခုလိုခရီးထွက်လာကြတာပါတဲ့။ သူတို့လေးတွေရဲ့ စိတ်ဓာတ်ဟာ အားကျစရာ၊ အတုယူစရာ ကောင်းလိုက်တာ။ ၁၄ နှစ်သမီးကတည်းက ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစိတ်တွေ အပြည့်စုံပါလား။

ဒီလိုစိတ်ဓာတ်မျိုးတွေကို ကျွန်တော်တို့ မြန်မာမိန်းကလေးတွေ အတုယူစေချင်လိုက်တာ၊ အားကျစေချင်လိုက်တာ။

ဒီနေ့ခေတ်ကြီးဟာ မိန်းကလေးတွေလည်း ယောကျ်ားလေးတွေနဲ့ တန်းတူအလုပ်လုပ်ပြီး ပိုက်ဆံရှာကြတဲ့ခေတ် ဖြစ်ပါတယ်။ မိန်းကလေးတွေလည်း စက်တွေကိုင်တွယ်ရတဲ့ အင်ဂျင်နီယာလုပ်ရတာပဲ။ မိန်းကလေးတွေလည်း မီးပွိုင့်မှာ ဘတ်စ်ကားပေါ်က ခုန်ဆင်းရတာပဲ။ မိန်းကလေးတွေ မီးရထားတွဲအမိုးပေါ် တက်စီးနေတာတွေတောင် သာစည်–ရွှေညောင်ရထားမှာ အမြဲမြင်တွေ့နေရသေးတယ်။

ဒီနေ့ မိန်းကလေးတွေဟာ အိမ်ထဲမှာနေပြီး သိုးမွေးဆွယ်တာထိုးတာ၊ တက်တင်းထိုးတာ၊ ခေါင်းအုံးစွပ်ပန်းထိုးတာနဲ့ ဆန္ဒွင်းမကင်း ဖုတ်တာမျိုးတွေ လုပ်မနေကြတော့ပါဘူး။ ယောကျ်ားလေးတွေလို ပြေးလွှားလှုပ်ရှားနေကြရတာပါ။ ပညာတွေ သင်ရတယ်၊ ပိုက်ဆံရှာရတယ်။

ဒီလိုမလုပ်လို့လည်း မဖြစ်ပါဘူး။ မြန်မာနိုင်ငံရဲ့ လူဦးရေစာရင်းမှာ အမျိုးသမီးကတောင် ပိုနေသေးတယ်မဟုတ်လား။ ၅၀ ရာခိုင်နှုန်းမကတဲ့ ဒီလုပ်အားတွေမပါဘဲ တိုင်းပြည်တိုးတက်ကြီးပွားအောင် လုပ်လို့မရနိုင်ပါဘူး။ အမျိုးသမီးတွေရဲ့လုပ်အားကို အများကြီး လိုအပ်နေပါတယ်။ အမျိုးသမီးတွေ ကာယအားဖြင့်ရော၊ ဉာဏအားဖြင့်ရော စိတ်ဓာတ်အားဖြင့်ပါ ကြံ့ခိုင်မှုရှိဖို့ အရေးကြီးပါတယ်။

ဒီဗလသုံးတန်နဲ့ပြည့်စုံဖို့အတွက် ပံ့ပိုးပေးနိုင်တာက အမျိုးသမီးဂျာနယ် မဂ္ဂဇင်းတွေ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးသမီးဂျာနယ် မဂ္ဂဇင်းတွေ အစဉ်အဆက်ရှိခဲ့ပါတယ်။ ဒီနေ့လည်း ရှိကြပါတယ်။ ရှိခဲ့တဲ့၊

mgyoe.com

mgyoe.com

ရှိနေတဲ့ အမျိုးသမီးဂျာနယ်မဂ္ဂဇင်းတွေကို အားကိုးတကြီးနဲ့ ငဲ့စောင်းကြည့်လိုက်တဲ့အခါကျတော့....

(၁) ထမင်းဟင်းချက်နည်း

(၂) ဇာထိုးပန်းတွဲနည်း

(၃) ကိုယ်ကာယ အလှပြုပြင်နည်း

(၄) ကလေးပြုစုစောင့်ရှောက်နည်း

(၅) ဆေးမြီးတိုနဲ့ကုနည်း

စတဲ့ အချက်တွေကိုသာ အဓိကထားနေသေးကြတာကို တွေ့နေရပါတယ်။ 'မိန်းမရဲ့ နေရာမှန်မှာ မီးဖိုချောင်ဖြစ်တယ်' ဆိုတဲ့ မဟာဖိုဝါဒသမားတွေရဲ့ လက်သုံးစကားအတိုင်း အမျိုးသမီးစာစောင်တွေကိုယ်တိုင်က အမျိုးသမီးတွေကို မီးဖိုချောင်ကိစ္စလောက်ကိုသာ ရေးကြီးခွင်ကျယ်လုပ်ပြီး ပညာပေးနေတာတွေ တွေ့မြင်နေရပါတယ်။

၂၀ ရာစုကုန်လို့ ၂၁ ရာစုထဲကို ဝင်ရောက်ဖို့ လက်တစ်ကမ်းသာလိုတော့တဲ့ ဒီအချိန်ထိ ၁၈ ရာစုက ပုံစံအတိုင်း မိန်းကလေးတွေကို ပုံသွင်းနေလို့ မဖြစ်တော့ဘူး။ သူများနိုင်ငံက မိန်းကလေးတွေ လပေါ်ကိုတောင်တက်ခဲ့ကြပြီလေ။

အမျိုးသမီးစာစောင်တွေက မိန်းကလေးငယ်တွေ အားကျအတုယူစရာအကြောင်းတွေကို ရှာဖွေဖော်ထုတ်တင်ပြပေးကြရပါမယ်။ မင်းသမီးတွေ၊ မော်ဒယ်တွေအကြောင်းတွေ ဖော်ပြပေးနေရင်တော့ မိန်းကလေးငယ်တွေအဖို့ မင်းသမီးတွေနဲ့ မော်ဒယ်တွေလောက်သာ အားကျအတုယူနေကြရတော့မှာပေါ့။ မော်ဒယ်တွေနဲ့ တိုင်းပြည်တိုးတက်ထွန်းကားအောင် တည်ဆောက်လို့ မရပါဘူး။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ စာရင်းကိုင်တွေ၊ မန်နေဂျာတွေ၊ ဆရာမတွေ၊ ပါမောက္ခတွေနဲ့သာ တိုင်းပြည်ကို ထွန်းကားအောင် လုပ်လို့ရပါတယ်။

ခုတလောမှာ ၈ တန်း ၉ တန်းအရွယ် ကလေးလေးတွေတောင် မော်ဒယ်တွေလုပ်၊ ကြော်ငြာတွေရိုက်လုပ်နေကြတာ တွေ့မြင်နေရလေတော့ ဒီကလေးတွေရဲ့ ပညာနဲ့ပတ်သက်ပြီး ရင်လေးမိပါတယ်။ ဒီကလေးတွေဟာ တစ်နေ့နေ့မှာ ဆရာဝန်မကြီးတွေ၊ အင်ဂျင်နီယာမကြီးတွေ၊ ပါမောက္ခကြီးတွေ၊

mgyoe.com

mgyoe.com

ကုမ္ပဏီဒါရိုက်တာကြီးတွေ ဖြစ်လာချင်ကြပါတယ်။ အတုယူမှားပြီး ပညာရေးကို ခပ်ပေါ့ပေါ့သဘောထားသွားကြမှာ စိုးရိမ်မိပါတယ်။

မိန်းကလေးငယ်လေးတွေ အတုယူမမှားစေဖို့အတွက် အမျိုးသမီးစာစောင်တွေက ဆောင်ရွက်ပေးကြရပါတယ်။ မှန်ကန်တဲ့ အတုယူစရာ၊ အားကျစရာတွေကို များများဖော်ပြပေးရင်းနဲ့ မိန်းကလေးတွေကို လမ်းမှန်ရောက်အောင် ပြင်ပေးကြရပါတယ်။

'မိန်းမတို့ရဲ့ နေရာမှန်ဟာ မီးဖိုချောင် ဖြစ်ပါတယ်' ဆိုတဲ့ အယူအဆကြီးကို အမျိုးသမီးစာစောင်တွေကိုယ်တိုင် ချေဖျက်ပစ်လိုက်ရမှာပါ။ အဲဒီအယူအဆကို ချေဖျက်ပစ်ဖို့အတွက် အမျိုးသမီးစာစောင်တွေ အဆင့်မြှင့်ဖို့လိုအပ်နေပြီဖြစ်ကြောင်း တပ်လှန့်နှိုးဆော်လိုက်ရပါတယ်။

၂၀-၃-၁၉၉၉

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဟက်ပဝပ်စတူဒီယိုရဲ့ ပထမဆုံးမင်းသမီး ဂလက်ဒစ်ဆီလ်ဗားနီး

mgyoe.com

mgyoe.com

၂။ ရုပ်ရှင်လောကမှ ပထမ အမျိုးသမီးများ

ရုပ်ရှင်ဆိုတာ အင်္ဂလန်နိုင်ငံကို ၁၉၀၀ ဦးပိုင်းမှာ ရောက်ရှိလာခဲ့ပါတယ်။ ပထမဆုံး ပေါ်ထွက်လာတဲ့ ရုပ်ရှင်စတူဒီယိုက ဟက်ပဝပ်ကုမ္ပဏီဖြစ်ပြီး ၁၉၀၅ ခုနှစ်မှာ စတင်ပါတယ်။ ရုပ်ရှင်ပေါ်ဦးစမှာ ထည့်သွင်းကြော်ငြာလေ့မရှိပါဘူး။ ၁၉၁၀ ပြည့်နှစ်ကျမှ ပရိသတ်ကို ဆွဲဆောင်ဖို့ မင်းသား၊ မင်းသမီးနာမည်တွေကို ကြော်ငြာမှာ ထည့်သွင်းပါတယ်။

ဟက်ပဝပ်စတူဒီယိုရဲ့ ပထမဆုံးမင်းသမီးက ဂလက်ဒစ်ဆီလ်ဗားနီး (Gladys Sylvani)ဖြစ်ပါတယ်။ ၁၉၁၁ ခုနှစ်မှာထွက်လာတဲ့ Rachel's Sin ဇာတ်ကားနဲ့ နာမည်ကျော်သွားပါတယ်။ မရှေးမနှောင်းမှာပဲ နာမည်ကျော် ကလေးဇာတ်လိုက်နှစ်ဦးဖြစ်တဲ့ Alma Taylor နဲ့ Chrissie White တို့ ပေါ်ထွက်လာပါတယ်။ "Tilly Girls" ဆိုပြီး ကျော်ကြားခဲ့ပါတယ်။ ကြီးသွားတော့လည်း နာမည်ကျော်မင်းသမီးတွေဖြစ်သွားကြပါတယ်။

Alma Taylor

အင်္ဂလန်ရဲ့ ပထမဆုံးအမျိုးသမီး ဒါရိုက်တာကတော့ Dinah Shurey ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်မှာ Carry

mgyoe.com

mgyoe.com

On ဆိုတဲ့ကားကို ရိုက်ကူးခဲ့ပါတယ်။ ထူးခြားတာက ပထမဆုံး အမျိုးသမီး ဒါရိုက်တာရိုက်တဲ့ ရုပ်ရှင်ကားဟာ ရေတပ်စစ်ပွဲအကြောင်း ရိုက်ထားတာ ဖြစ်နေတဲ့အချက်ပါ။ ၁၉၂၉ ခုနှစ်ကျတော့ "Elinor Glyn"(၁၈၆၄-၁၉၄၃) ဆိုတဲ့ အမျိုးသမီးဒါရိုက်တာက ပထမဆုံးအသံထွက်ကား "Knowing Men" ကို ရိုက်ကူးခဲ့ပါတယ်။ အယ်လီနာဟာ အောင်မြင်ထင်ရှားတဲ့ စာရေးဆရာမ တစ်ယောက် ဖြစ်ပါတယ်။ ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ ပထမဆုံးရောင်းခဲ့သူလည်း ဖြစ်ပါတယ်။

Chrissie White

ဟောလိဝုဒ်က ခေါ်တဲ့အတွက် အယ်လီနာဟာ အမေရိကန်ကိုသွားပြီး ရုပ်ရှင်ဇာတ်ကားပေါင်းများစွာအတွက် ဇာတ်လမ်းတွေ ရေးခဲ့ပါတယ်။ C.B.DeMille လို ကမ္ဘာကျော် ဒါရိုက်တာကြီးတွေနဲ့တွဲပြီး အလုပ်လုပ်ခဲ့ရပါတယ်။ ၁၉၂၇ ခုနှစ်မှာ အင်္ဂလန်ကိုပြန်ပြီး ကိုယ်ပိုင်ကုမ္ပဏီ ထောင်ပါတယ်။ ဟောလိဝုဒ်က အတွေ့အကြုံတွေ အသုံးချပြီး ပထမကား Knowing Men ကို ရိုက်ပါတယ်။ မအောင်မြင်ပါဘူး။ ဒုတိယကား ရိုက်ကူးပြီးချိန်မှာ ရုပ်ရှင်လုပ်ငန်းကို စွန့်လွှတ်ပြီး ဝတ္ထုရေးတဲ့အလုပ်ကိုသာ 'ဇောက်ချ' လုပ်ကိုင်ပါတော့တယ်။

Muriel Box

ရုပ်ရှင်ခေတ်ဦးမှာ အင်္ဂလန်ရဲ့ အအောင်မြင်ဆုံး အမျိုးသမီးဒါရိုက်တာက Muriel Box ဖြစ်ပါတယ်။ ၁၆ နှစ်သမီး (၁၉၂၁) မှာ ဇာတ်ရံအဖြစ် ပါဝင်ရင်း ရုပ်ရှင်လောကထဲ ရောက်ခဲ့တာပါ။ ရုပ်ရှင်လုပ်ငန်းရဲ့ အောက်ခြေ

mgyoe.com

mgyoe.com

Mary Field

သိမ်းအလုပ်မျိုးစုံကို လုပ်ခဲ့ပြီး သတင်းစာသမား ပြဇာတ်ရေးဆရာ Sydney Box နဲ့ အိမ်ထောင်ကျပါတယ်။ အိမ်ထောင်ကျပြီးမှ နှစ်ယောက်တွဲပြီး ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးပါတယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့ မြူရီယယ်နဲ့ သူ့ညီမ ဘက်တီတို့ နှစ်ယောက်ပေါင်းပြီး အစိုးရရဲ့ မှတ်တမ်းတင်ရုပ်ရှင်ကားများ ရိုက်ကြပါတယ်။ ဘက်တီက ထုတ်လုပ်သူလုပ်ပြီး မြူရီယယ်က ဒါရိုက်တာလုပ်တာပါ။ စစ်ပြီးသွားတော့ ခင်ပွန်းဆစ်ဒနီနဲ့ နှစ်ယောက်တွဲ ဇာတ်လမ်းရုပ်ရှင်များ ရိုက်ပါတယ်။ ပထမကားက မအောင်မြင်တော့ အခက်အခဲတွေ အများကြီး ကြုံတွေ့ရပါတယ်။ ဒါပေမဲ့ ဒုတိယရိုက်တဲ့ "The Seventh Veil" ရုပ်ရှင်ကားက 'ဝင်ငွေအကောင်းဆုံးဇာတ်ကားဆု' ဆုရရှိပြီး ၁၉၄၆ ခုနှစ်အတွက် ရုပ်ရှင်ဇာတ်ညွှန်းအော်စကာဆုကြီးကိုလည်း ရရှိခဲ့ပါတယ်။

၁၉၄၆ ခုနှစ်လောက်ရောက်တော့ မြူရီယယ်ဇာတ်ညွှန်းရေးခဲ့ ဒါမှမဟုတ် ဒါရိုက်တာလုပ်ခဲ့ ဒါမှမဟုတ် ထုတ်လုပ်သူ လုပ်ခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၁ ကားအထိရှိနေပြီးဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်က ကိုယ်တိုင်ဇာတ်ညွှန်းရေးပြီး ကိုယ်တိုင်ထုတ်လုပ်သူလုပ်တဲ့ "The Truth About Women" ဆိုတဲ့ဇာတ်ကားဟာ သူ့ရဲ့အအောင်မြင်ဆုံး သူကိုယ်တိုင် ဂုဏ်အယူဆုံး ဇာတ်ကား ဖြစ်ပါတယ်။ အဲဒီကားက ၂၀ ရာစုခေတ် အမျိုးသမီးများရဲ့ဘဝကို ဖော်ကျူးထားတာဖြစ်ပါတယ်။

ကလေးများအတွက် ရုပ်ရှင်ကားတွေ ရိုက်ကူးထုတ်လုပ်သူအဖြစ် ကျော်ကြားသူကတော့ Mary Field (၁၈၉၆-၁၉၆၈) ဖြစ်ပါတယ်။ မေရီဖီးလ်ဒ်ဟာ ကလေးများအတွက် ရုပ်ရှင်တွေသာမက သဘာဝသမိုင်းမှတ်တမ်းတင်ကားမျိုးတွေ အစောဆုံးရိုက်ကူးထုတ်လုပ်ခဲ့သူလည်း ဖြစ်ပါတယ်။ သူရိုက်ခဲ့တဲ့ကားတွေအနက် ၁၉၂၈ ခုနှစ်ကရိုက်တဲ့ "Secrets of Nature"

mgyoe.com

mgyoe.com

ကားနဲ့ ၁၉၃၄ ခုနှစ်ကရိုက်တဲ့ "Secrets of Life" ကားနှစ်ကားဟာ အထူး အောင်မြင်ကျော်ကြားခဲ့ပါတယ်။

Carmen Dillon

၁၉၅၁ ခုနှစ်ကျတော့ မေရီဟာ ကလေးများအတွက် ရုပ်ရှင်ကားတွေ ထုတ်လုပ်ဖို့ "Children's Film Foundation" ဆိုတဲ့ အဖွဲ့ကြီးကို တည်ထောင်ခဲ့ပါတယ်။ အင်္ဂလန်နိုင်ငံမှာ ကျော်ကြားတဲ့ "Saturday Morning Pictures" ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ကို စတင်ပေးခဲ့သူလည်း ဖြစ်ပါတယ်။ ၁၉၁၄ ခုနှစ်ဖွား "Joy Batchelor" ကတော့ ကာတွန်းရုပ်ရှင် ရိုက်ကူး ထုတ်လုပ်သူတွေထဲမှာ ပထမဆုံး အမျိုးသမီးဖြစ်ပါတယ်။ နာမည်ကျော် စာရေးဆရာ ဂျော့အော်ဝဲရဲ့ Animal Farm စာအုပ်ကို အခြေပြုထားတဲ့ အင်္ဂလန်နိုင်ငံရဲ့ ပထမဆုံး ကာတွန်းရုပ်ရှင်ဇာတ်လမ်းရှည်ကို ရိုက်ကူးထုတ်လုပ်သူလည်း ဖြစ်ပါတယ်။ ဒီကားကိုတော့ ခင်ပွန်းဖြစ်သူနဲ့ နှစ်ယောက်တွဲပြီး ရိုက်ကူးထုတ်လုပ်ခဲ့တာပါ။

နာမည်ကျော် ဒါရိုက်တာကြီး အဲလ်ဖရက်ဟာစ်ချ်ကော့ရဲ့ Alma Reville (၁၈၉၉–၁၉၈၂) ဟာ ရုပ်ရှင်မင်းသမီးဖြစ်ရုံမက ဇာတ်ညွှန်းရေးဆရာ၊ ဖလင်အယ်ဒီတာနဲ့ ရုပ်ရှင်ဒါရိုက်တာလည်း လုပ်ခဲ့ပါသေးတယ်။ ဟာစ်ချ်ကော့ရဲ့ နာမည်ကြီးရုပ်ရှင်အတော်များများကို လက်ထောက် ဒါရိုက်တာအဖြစ်နဲ့လည်း ပါဝင်ရိုက်ကူးခဲ့ပါတယ်။

၁၉၀၈ ခုနှစ်ဖွား Carmen Dillon ကတော့ ပထမဆုံး အမျိုးသမီးအနုပညာဒါရိုက်တာ ဖြစ်ပါတယ်။ လောရင့်အိုလီဗီယာရဲ့ ဟင်းမလက်၊ ဟင်နရီ ၅၊ ရစ်ချက် ၃ စတဲ့ ရုပ်ရှင်ကားကြီးတွေမှာ အနုပညာဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ကားမင်းဟာ ဗိသုကာပညာရှင်တစ်ဦးဖြစ်ပါတယ်။ ရုပ်ရှင်လောကကို လက်ထောက်အနုပညာဒါရိုက်တာအဖြစ်နဲ့ စတင်ဝင်ရောက်ခဲ့တာပါ။ ၁၉၃၉ ခုနှစ် အသက် ၃၀ သာသာမှာ အနုပညာဒါရိုက်တာ ဖြစ်လာပြီး ရုပ်ရှင်ကားပေါင်း ၈၀ ကျော် တာဝန်ယူခဲ့ပါတယ်။ ၁၉၄၈

mgyoe.com

mgyoe.com

ခုနှစ်မှာ ရုံတင်ပြသတဲ့ ဟင်းမလက်ရုပ်ရှင်ကားနဲ့ အနုပညာဒါရိုက်တာ အော်စကာဆုကြီး ရခဲ့ပါတယ်။

ရုပ်ရှင်ဝေဖန်ရေးဆရာထဲမှာ ပထမဆုံး အမျိုးသမီးဝေဖန်ရေးဆရာက တော့ Caroline Lejeune(၁၈၉၇–၁၉၇၃) ဖြစ်ပါတယ်။ အသက် ၂၄ နှစ် အရွယ်မှစပြီး မန်ချက်စတာဂါးဒီးယန်းသတင်းစာရဲ့ ရုပ်ရှင်ဝေဖန်ရေးကဏ္ဍကို တာဝန်ယူရေးသားခဲ့ပါတယ်။ အသံထွက်ရုပ်ရှင်တွေပေါ်လာစက ဝေဖန်ရေး ဆရာများဟာ နှာခေါင်းရှုံ့ကြပါတယ်။ ကယ်ရိုလိုင်းက အားပေးကြိုဆိုသူ အနည်းငယ်ထဲမှာ ပါပါတယ်။ ၁၉၂၈ ခုနှစ်ကစပြီး 'အော့ဗဇားဗား' သတင်း စာကြီးရဲ့ ရုပ်ရှင်ဝေဖန်ရေးကဏ္ဍကို တာဝန်ယူရေးသားခဲ့တာ ၁၉၆၀ ပြည့်နှစ် အငြိမ်းစားယူတဲ့အထိ ဖြစ်ပါတယ်။ အငြိမ်းစားယူချိန်ကစပြီး ရုပ်ရှင်ကို ကြည့်တောင်မကြည့်တော့ဘူးလို့ ဆိုပါတယ်။

Kate Murphy ရေး "Firsts-The Livewire Book of British Women Achievers" စာအုပ်ထဲက ကောက်နုတ်မြန်မာပြန်ထားတာပါ။ (မြားနတ်မောင်၊ ဩဂုတ်၊ ၂၀၀၀)

❐

mgyoe.com

mgyoe.com

အမျိုးသမီးသဘင်သည်အဖြစ် ထင်ထင်ရှားရှား ပေါ်ပေါ်ထင်ထင်
နာမည်ထွက်လာတဲ့ ပထမဆုံးမင်းသမီး မေရီဘတ် တားတန်

mgyoe.com

mgyoe.com

၃။ ပထမ အင်္ဂလိပ် ပြဇာတ်မင်းသမီး

ဗြိတိန်နိုင်ငံမှာ ၁၆၆၀ ပြည့်နှစ်မတိုင်မီက ဇာတ်စင်ပေါ် အမျိုးသမီးတွေ တက်ကခွင့်မရှိပါဘူး။ အမျိုးသားတွေက အမျိုးသမီးတွေလို ဝတ်ပြီး ကပြကြရပါတယ်။ ၁၆၆၀ ပြည့်နှစ်ကမှ အမျိုးသမီးတွေကို ကခွင့်ပေးပါတယ်။

၁၆၄၀ နဲ့ ၁၆၆၀ အကြား ၁၈ နှစ်လောက်ကာလတစ်ခုလုံး ဇာတ်ပွဲတွေတောင်မှ လုံးဝမကရဘူးဆိုပြီး ခရစ်ယာန်အယူသီးတွေနဲ့ နန်းရင်းဝန်ခရွမ်းဝဲက နှိပ်ကွပ်ထားပါသေးတယ်။ ဇာတ်သဘင်ဆိုတာ အကုသိုလ်အလုပ်တွေလို့ သတ်မှတ်ပြီး ပိတ်ပင်တာပါ။

၁၆၆၀ ပြည့်နှစ်မှာ အမျိုးသမီးတွေကို ဇာတ်ခုံပေါ်တက်ခွင့်ပေးပေမဲ့ မျက်နှာကိုတော့ ပဝါဖုံးထားရပါတယ်။ အဲဒါကြောင့် မင်းသမီးဟာ ဘယ်သူဘယ်ဝါဆိုတာကို ပရိသတ်က သိခွင့်မရှိပါဘူး။

ဇာတ်ခုံပေါ်မှာ အမျိုးသမီးသဘင်သည်အဖြစ် ထင်ထင်ရှားရှား ပေါ်ပေါ်ထင်ထင် နာမည်ထွက်လာတဲ့ ပထမဆုံးမင်းသမီးက မေရီဘတ်တားတန် (၁၆၃၇–၁၇၁၂) ဖြစ်ပါတယ်။ အသက် ၁၉ နှစ်မှာစပြီး ဇာတ်ထဲရောက်ခဲ့တာပါ။ နောက်တော့ ခေါင်းဆောင်မင်းသားသောမတ်နဲ့ အိမ်ထောင်ကျခဲ့တာကြောင့် နှစ်ဦးစလုံး ရာသက်ပန် ဇာတ်သမားအဖြစ် နေထိုင်ခဲ့ကြပါတယ်။ မေရီဟာ ၁၆၆၁ ခုနှစ်ကစပြီး ရှိတ်စပီးယားရဲ့ ပြဇာတ်တွေမှာ အဓိကဇာတ်ဆောင်အဖြစ် ကပြခဲ့ပါတယ်။ နှစ်ပေါင်း ၂၀ လုံး ခေါင်းဆောင်မင်းသမီး နေရာကနေပြီး ကပြခဲ့ပါတယ်။

mgyoe.com

mgyoe.com

Sarah Siddons

မေရီဟာ အကကျွမ်းကျင်ရုံမက ဟာသကိုလည်း နိုင်တဲ့အတွက် အဲဒီခေတ်အခါက အထင်ရှားဆုံး၊ လူကြိုက်အများဆုံး မင်းသမီးတစ်လက် ဖြစ်ခဲ့ပါတယ်။ ၁၇၁၂ ခုနှစ် မေရီကွယ်လွန်တော့ ဝက်စမင်တာ ဝတ်ကျောင်းကြီးအတွင်းမှာ ခင်ပွန်းသည်နဲ့ယှဉ်ပြီး မြှုပ်နှံဂုဏ်ပြုခြင်း ခံခဲ့ရပါတယ်။

ဆာရာဆစ်ဒွန်း (Sarah Siddons, ၁၇၅၅–၁၈၃၁) ကတော့ အလွမ်းမင်းသမီးရယ်လို့ သတ်သတ်မှတ်မှတ် ကျော်ကြားခဲ့တဲ့သူ ဖြစ်ပါတယ်။ နာမည်ကျော်ကင်းဘဲသဘင် မိသားစုကြီးထဲ မွေးဖွားခဲ့သူဖြစ်လေတော့ ၁၂ နှစ်သမီးကစပြီး ဇာတ်ခုံပေါ်ရောက်ခဲ့တာပါ။ နှစ်ပေါင်း ၅၀ လုံးလုံး ဇာတ်ခုံပေါ်မှာ ကျရာဇာတ်ရုပ်နဲ့ ကသွားခဲ့ပါတယ်။

အသက် ၁၇ နှစ်မှာ ဆာရာ အိမ်ထောင်ကျပါတယ်။ ဝီလျံဆစ်ဒွန်းက အဲဒီအချိန်က ဒုတိယတန်းစား ဇာတ်သမားမျှသာဖြစ်လို့ ဆာရာရဲ့မိသားစုက သဘောမတူကြပါဘူး။ အဲဒါကြောင့် ဆာရာတို့နှစ်ယောက်က ဇာတ်ခွဲပြီး ထောင်ပါတယ်။

၁၇၇၅ ခုနှစ်လောက်ရောက်တော့ ဆာရာဟာ နာမည်အတော်ထွက်နေပါပြီ။ ဒါပေမဲ့ ကံဆိုးချင်တော့ ဒုတိယကလေး မျက်နှာမြင်အပြီးမှာ ဆာရာ အသံပျက်သွားပါတယ်။ အမောလည်း မခံနိုင်တော့ပါဘူး။ ဆာရာရဲ့ သဘင်သည်ဘဝ နိဂုံးချုပ်ပြီလို့ ယူဆရပါတယ်။ ဒါပေမဲ့ ၆ နှစ်အကြာမှာ ဆာရာ ပြန်ပေါ်ထွက်လာခဲ့တယ်။ တောအရပ် တောဇာတ်ကလေးတွေနဲ့ ကနေရာက ၁၇၈၂ ခုနှစ်မှာ လန်ဒန်ဇာတ်ခုံကြီးပေါ် ပြန်တက်လာခဲ့ပါတယ်။ တစ်ချီတည်းနဲ့ ဆာရာရဲ့နာမည် ဟိန်းထွက်သွားတယ်။ တတိယမြောက် ဂျော့ဘုရင်တောင် ဆာရာရဲ့ပွဲကို ၅ ကြိမ်လာကြည့်ခဲ့တယ်။ နန်းတော်ထဲမှာ ကပြဖို့လည်း ဖိတ်ကြားခြင်းခံရတယ်။

အဲဒီနှစ်ကစပြီး ဆာရာဟာ ထိပ်သီးမင်းသမီးတစ်လက်အဖြစ် သတ်မှတ်

mgyoe.com

mgyoe.com

ခံရတယ်။ ညကြေးလည်း အများကြီးတိုးသွားတယ်။ အဲဒီမတိုင်မီက ဆာရာဟာ ၁ ပတ်မှ ၃ ပေါင်သာရတဲ့ မင်းသမီးဖြစ်တယ်။ ၁၇၈၂ ကစပြီး ၁ ပတ်ကို ပေါင် ၅၀ ရတဲ့ ထိပ်သီးမင်းသမီးကြီး ဖြစ်သွားတယ်။ အခုလို ညကြေးကောင်းကောင်းရတဲ့ မင်းသမီးဖြစ်လာအောင် လုပ်ပေးတာက ဆာရာရဲ့ ခင်ပွန်း ဝီလျံပါ။ ဝီလျံက နောက်ပိုင်းမှာ ဇာတ်မကတော့ဘဲ ဆာရာရဲ့ မန်နေဂျာပဲ လုပ်နေခဲ့ပါတယ်။ မန်နေဂျာကောင်းလို့ ဆာရာအောင်မြင်နေတာလို့တောင် ပြောစမှတ်ပြုကြပါတယ်။

အဲဒီခေတ်က ပေါင် ၅၀ ဆိုတဲ့ ငွေကြေးဟာ နည်းနည်းနောနော မဟုတ်ပါဘူး။ မန်နေဂျာကောင်းသလို ဆာရာလည်း တော်ပါတယ်။ အလုပ်ကိုလည်း အင်မတန်ကြိုးစားတယ်။ တစ်ဇာတ်နဲ့တစ်ဇာတ် သရုပ်ဆောင်မှုတွေ မထပ်ရအောင် အမြဲတမ်းလေ့လာသင်ယူနေတာပါ။ ဇာတ်ခုံပေါ်နေရင်း ကရင်းနဲ့ ဆာရာကလေး ၇ ယောက်မွေးခဲ့ပါတယ်။ မွေးခါနီးဖွားခါနီး ရက်ပိုင်းအလိုထိ ဇာတ်ခုံပေါ်အကမပျက်ခဲ့ပါဘူး။

၁၇၈၅ ခုနှစ်မှာ ဆာရာဟာ ရှိတ်စပီးယားရဲ့ လေဒီမက္ကဘက်အဖြစ် ပထမဆုံးအကြိမ် ကပြခဲ့ရပါတယ်။ အဲဒီကစပြီး ရှိတ်စပီးယားဇာတ်တွေ တစ်ခုပြီးတစ်ခု ကပြလာခဲ့ပါတယ်။ ဒါပေမဲ့ လူတွေက ပထမဆုံးစကခဲ့တဲ့ လေဒီမက္ကဘက်အဖြစ်နဲ့သာ ဆာရာကို စွဲနေကြတာ ဖြစ်လေတော့ တစ်ခါတလေ သူ့ကို လေဒီမက္ကဘက်လို့တောင် ခေါ်ကြပါတယ်။

၁၈၀၈ ခုနှစ်မှာ ခင်ပွန်းဝီလျံ ကွယ်လွန်သွားပါတယ်။ ပြီးတော့ တစ်နှစ်တည်းမှာပဲ ဇာတ်ရုံမီးလောင်တော့ ဆာရာချမ်းသာသမျှ ပစ္စည်းတွေ အားလုံး ဆုံးရှုံးသွားခဲ့ရတယ်။ အဲဒီအပူနှစ်ခုကြောင့် ၁၈၁၂ ခုနှစ်မှာ သူဇာတ်ဆက်မကတော့ဘဲ အနားယူလိုက်ပါတယ်။ ဒါပေမဲ့ သဘင်သည် အနုပညာသမားဆိုတာ ကိုယ်က နားချင်တိုင်း နားလို့ရတာမဟုတ်ဘူးဆိုတဲ့ အချက်ကို ဆာရာကိုယ်တွေ့ကြုံမှ သိရပါတယ်။ ကိုယ့်ကိုချစ်တဲ့ ပရိသတ်က တောင်းဆိုတဲ့အသံတွေကို ပြည်သူချစ်တဲ့ ဘယ်အနုပညာသည်မှ လွန်ဆန်လို့မရနိုင်ပါဘူး။ အဲဒါကြောင့် နားပြီဆိုပေမယ့် ၁၈၁၉ ခုနှစ်လောက်အထိတော့ ဆာရာဟာ ဇာတ်ခုံပေါ်ကို တစ်တုံတစ်တုံပြန်ပြီး တက်နေရပါသေးတယ်။

အဲဒီလို ပြန်ပြန်ပြီး ကနေတာ ငွေကြေးကြောင့် မဟုတ်ပါဘူး။

mgyoe.com

mgyoe.com

Vesta Tilley

'မေတ္တာ' ကြောင့်ပါ။

ခင်ပွန်းဝီလျံရဲ့ အစီအမံကောင်းမှု ကြောင့် ဆာရာရဲ့ဘဝ အိုက်ကောင်းခဲ့ ပါတယ်။ ငွေရေးကြေးရေးအတွက် ပူပန်ကြောင့်ကြနေစရာ မလိုပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုချစ်ကြတဲ့ ကိုယ့်ပရိ သတ်တွေရဲ့ တောင်းဆိုမှု၊ မေတ္တာထားမှု ကို ဆာရာမလွန်ဆန်နိုင်ပါဘူး။ ပရိသတ်ရဲ့မေတ္တာကို မေတ္တာနဲ့တုံ့ပြန် ချင်လို့ ဆာရာပြန်ကတာပါ။

၁၈၂၀ ကနေ ၁၈၃၀ ဆိုတဲ့ ၁၀ စုနှစ်အတွင်းမှာ အေးအေးချမ်းချမ်းနဲ့ ဘဝကိုဖြတ်သန်းပြီး ၁၈၃၁ ခုနှစ်မှာ လေဒီမက္ကဘက်လို့ ချစ်စနိုးခေါ်ကြတဲ့ ဇာတ်မင်းသမီးကြီး ဆာရာဆစ်ဒွန်း ကွယ်လွန်အနိစ္စရောက်သွားရှာပါတယ်။ သူ့ဈာပနဝတ်ပြုပွဲကို လူပေါင်း ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ မေရီဘက်တားတန်နဲ့ ဆာရာ ဆစ်ဒွန်းတို့ နာမည်ကျော်ခဲ့သလို တန်းတူကျော်ကြားခဲ့တဲ့ မာရီလွိုက်၊ ဘက်စီ ဘဲလ်ဝုဒ်၊ ဂျင်နီဟီးလဲတို့လို မင်းသမီးတွေလည်း ရှိပါသေးတယ်။ အဲဒီထဲမှာ အထူးခြားဆုံးတစ်ယောက်ကတော့ ယောကျ်ားမင်းသမီး ဗက်စတာတီလီ (Vesta Tilley)(၁၈၆၄–၁၉၅၂)ပါ။

သူက မိန်းမဖြစ်ပေမဲ့ ဇာတ်ခုံပေါ်မှာ ယောကျ်ားလိုဝတ်ပြီး ယောကျ်ား လို သရုပ်ဆောင်ခဲ့တာ ကောင်းလွန်းလို့ နာမည်ကျော်ခဲ့တာပါ။ သူ့အမည်ရင်း က မတီးလ် ဒါပိုးလ် (Matilda Powles) ဖြစ်ပါတယ်။ ဇာတ်ရုံတစ်ခုက ဆင်းရဲသား အလုပ်သမားတစ်ယောက်ရဲ့ သားသမီး ၁၃ ယောက်ထဲက တစ်ယောက်အဖြစ် မွေးဖွားခဲ့တာပါ။ ၄ နှစ်သမီးကတည်းက ဇာတ်ခုံပေါ် တက်ကခဲ့ရပြီး ၁၀ နှစ်သမီးကျတော့ မိသားစုကြီးတစ်ခုလုံးကို လုပ်ကျွေးသူ တောင် ဖြစ်နေပါပြီ။

၈ နှစ်သမီးလောက်စပြီး သူ ယောကျ်ားလေးလိုဝတ်ပြီး သရုပ် ဆောင်ခဲ့တာကို ပရိသတ်က သိပ်သဘောကျပါတယ်။ ၁၀ နှစ်သမီးကျတော့

mgyoe.com

mgyoe.com

လန်ဒန်ဇာတ်ရုံကခေါ်လို့ မြို့တော်ကြီးကို ရောက်ခဲ့ပါတယ်။ အဲဒီမှာ သူ့နာမည်ကို ဗက်စတာလို့ ပြောင်းခဲ့တာပါ။ သူ့နာမည်ကျော်လာတော့ သူ့အဖေက မန်နေဂျာအဖြစ် ဆောင်ရွက်ပြီး သမီးကို အဖော်ပြုလိုက်ပါနေခဲ့ပါတယ်။ ၁၈၈၉ ခုနှစ်မှာ သူ့အဖေ ကွယ်လွန်ပါတယ်။ အဲဒီနောက် သိပ်မကြာခင်မှာပဲ လန်ဒန်က ဇာတ်ရုံပိုင်ရှင်တစ်ဦးရဲ့သားဖြစ်တဲ့ ဝါလ်တာဒီး ဖရီးစ်နဲ့ အိမ်ထောင်ကျပါတယ်။ ၁၈၉၄ ခုနှစ်မှာ ဗက်စတာဟာ အမေရိကန်နိုင်ငံကို သွားရောက်ကပြပါတယ်။ ၁၉၀၃ ခုနှစ်မှာ ဒုတိယအကြိမ် အမေရိကန်နိုင်ငံကို သွားကတော့ ဗက်စတာဟာ တစ်ပတ်ကို ပေါင် ၁၀၀၀ ရတဲ့ ထိပ်သီးမင်းသမီးကြီး ဖြစ်နေပါပြီ။ အင်္ဂလန်မှာလည်း သူဟာ ညကြေးအမြင့်ဆုံးရတဲ့ မင်းသမီးဖြစ်ပါတယ်။ ဒုတိယလိုက်တဲ့ မင်းသမီးမာရီလွိုက်ထက်တောင် တစ်ပတ်ကို ပေါင် ၂၀၀ ပိုရပါတယ်။

၁၉၂၀ ပြည့်နှစ်ရောက်တော့ ခင်ပွန်းသည်က ပါလီမန်အမတ်ရွေးကောက်ပွဲဝင်ပြီး အမတ်ဖြစ်သွားခဲ့ပါတယ်။ အဲဒီမှာ ဗက်စတာဇာတ်မင်းသမီးဘဝက အနားယူလိုက်ပါတယ်။ နောက်တော့ ခင်ပွန်းသည်အမတ်မင်းက သူကောင်းပြုခံရတာကြောင့် ဗက်စတာလည်း လေဒီဒီဖရီးစ်ဖြစ်သွားပြီး အထက်လွှာအသိုင်းအဝိုင်းကြားမှာသာ ကျင်လည်နေပါတော့တယ်။

အုပ်စိုးသူ အသိုင်းအဝိုင်းထဲရောက်သွားတဲ့ ဗက်စတာဟာ လူချမ်းသာတို့ရဲ့ သုခရိပ်မြုံဖြစ်တဲ့ မွန်တီကာလိုမှာသာ နေလေ့ရှိပါတယ်။ ၁၉၅၂ ခုနှစ်မှာ လန်ဒန်ကို အလည်ပြန်လာရင်း ကွယ်လွန်သွားပါတယ်။

အင်္ဂလန်နိုင်ငံရဲ့ ပထမဆုံး လူမည်းဇာတ်မင်းသမီးအဖြစ် မှတ်တမ်းတင်ခံရသူက အေမီဟိုက်ဖြစ်ပါတယ်။ ၁၉၀၀ ပြည့်နှစ်က ဝင်းဒန်းဇာတ်ရုံမှာ ကပြတဲ့မဒမ်ဒယ်ဖင်းပြဇာတ်မှာ စတင်ကပြခဲ့တာပါ။ ၁၉၀၃ ခုနှစ်မှာ ကပြတဲ့ နာမည်ကျော် 'ဦးလေးတွမ်ရဲ့ အခန်းကလေး' ပြဇာတ်နဲ့ ထင်ရှားကျော်ကြားသွားသူဖြစ်ပါတယ်။

Kate Murphy ရဲ့ Firsts: The Livewire Book of British Women Achievers စာအုပ်က ထုတ်နုတ်မြန်မာပြန်ထားတာဖြစ်ပါတယ်။ (မြားနတ်မောင်၊ မေ၊ ၂၀၀၀)

mgyoe.com

mgyoe.com

ကိုယ်တိုင်ရေးပြဇာတ်တွေကို ပထမဆုံးရေးသားခဲ့သူ
ပြဇာတ်ဆရာမ အဲလိစ်ဇဘတ်ကာရေး

mgyoe.com

mgyoe.com

၄။ ပထမ အင်္ဂလိပ် ပြဇာတ်ရေးဆရာမ

ပထမ အင်္ဂလိပ် အမျိုးသမီး ပြဇာတ်ရေးဆရာမအဖြစ် မှတ်တမ်းတင်ခံရသူက Katherine of Sutton လို့ ခေါ်ကြတဲ့ သီလရှင်ကျောင်းက ကျောင်းအုပ်ဆရာမကြီး ဖြစ်ပါတယ်။ သီလရှင်ဆရာမကြီးဟာ ၁၃၆၃ ခုကနေ ၁၃၇၆ အထိ ၁၀ နှစ်ကျော်ကာလမှာ အီစတာပွဲတော်နဲ့ပတ်သက်တဲ့ ခရစ်ဝင်ဇာတ်လမ်းတွေကို ပြဇာတ်အဖြစ် ရေးသားခဲ့ပါတယ်။

မူလ ခရစ်ဝင်ဇာတ်လမ်းတွေဟာ လူတိုင်းသိရှိပြီးသားတွေ ဖြစ်တာကြောင့် စင်တင်ကပြကြတဲ့အခါမှာ အိပ်ငိုက်နေကြလွန်းလို့ မာသာ ကက်သရင်းက တချို့ကို ကျောရိုးလောက်သာယူပြီး ပြင်ဆင်ရေးသားပါတယ်။ ဒါကြောင့် သူ့ပြဇာတ်တွေဟာ လူကြိုက်များပါတယ်။ တခြား သီလရှင်ကျောင်းတွေမှာလည်း ခရစ်ဝင်ဇာတ်လမ်းတွေကို စင်တင်ပြသကြတာပါပဲ။ ဒါပေမဲ့ သိပ်ပြီးထင်ထင်ရှားရှား ဖြစ်မလာကြပါဘူး။ မာသာကက်သရင်းရဲ့ ပြဇာတ်တွေကတော့ မှတ်တမ်းမှတ်ရာနဲ့ ကျန်နေရစ်ခဲ့ပါတယ်။

Lady Jane Lumley

အဲဒီခေတ်အခါမှာ အမျိုးသမီး

mgyoe.com

mgyoe.com

စာတတ်ပေတတ်ဆိုတာက ဘာသာရေးအဝန်းအဝိုင်းနဲ့ ပဒေသရာဇ် အတန်းအစားတွေသာ ရှိကြတာဖြစ်လေတော့ သီလရှင်ကျောင်းပြင်ပက ထင်ရှားပေါ်ထွက်လာတဲ့ ပြဇာတ်ရေးဆရာမျှားဟာ ပဒေသရာဇ်နွယ်တွေသာ များကြပါတယ်။

လေဒီဂျိမ်းလမ်လေး (Lady Jane Lumley) က ၁၆ ရာစုလယ်လောက်မှာ ခေါမပြဇာတ်တစ်ခုကို အင်္ဂလိပ်ဘာသာနဲ့ ပြန်ဆိုရေးသားခဲ့ပါတယ်။ အဲဒါဟာ ခေါမပြဇာတ်ကို အင်္ဂလိပ်ဘာသာပြန်ဆိုတာ ပထမဆုံးဖြစ်ပါတယ်။ ခရစ်ဝင်ဇာတ်လမ်းတွေကို မှီငြမ်းပြုတာမဟုတ်ဘဲ ကိုယ်တိုင်ရေးသားတဲ့ ပြဇာတ်တွေထဲမှာ ပထမဆုံးအမျိုးသမီးရေးတဲ့ ပြဇာတ်ကတော့ "The Tragedy of Mariam, the Fair Queen of Jewry" ဆိုတဲ့ ဇာတ်ဖြစ်ပါတယ်။ ရေးသူ ပြဇာတ်ဆရာမဟာ Elizabeth Tanfield Cary (1586-1639) ပါ။ စာအုပ်အဖြစ်သာ ထုတ်ဝေခဲ့ရပြီး စင်တင်ကပြခြင်းတော့ မရှိခဲ့ပါဘူး။

ပထမဆုံး စင်တင်ကပြခဲ့ရတဲ့ အမျိုးသမီးပြဇာတ်ဆရာမက ကက်သရင်းဖိလစ် (၁၆၃၁–၁၆၆၄) ဖြစ်ပါတယ်။ အထည်လိပ်ကုန်သည် သူဌေးသမီးကက်သရင်းဟာ ပဒေသရာဇ်အဝန်းအဝိုင်းကမဟုတ်ဘဲ အစောဆုံးစာပေပညာရှင် အမျိုးသမီးတွေထဲမှာ ပါဝင်ခဲ့ပါတယ်။ အသက် ၄ နှစ်အရွယ်လောက်ကတည်းက သမ္မာကျမ်းစာကို တစ်အုပ်လုံးဖတ်နေတတ်ပြီလို့ အဆိုရှိပါတယ်။ ကျောင်းကိုတော့ အဲဒီခေတ်က ထုံးစံအတိုင်း ၈ နှစ်သမီးကျမှ စနေရတာပါ။ အသက် ၁၆ နှစ်မှာ သူ့ပထွေးရဲ့ အကြီးဆုံးသား ဂျိမ်းဖိလစ်နဲ့ အိမ်ထောင်ကျပါတယ်။ ဖိလစ်က သူ့ထက် အသက် ၄၀ လောက်ကြီးပါတယ်။

ကက်သရင်း စာစရေးတော့ ကဗျာကိုသာ ရေးပါတယ်။ သူရေးတဲ့ကဗျာတွေကို သူငယ်ချင်းမိတ်ဆွေတွေကိုသာ ပေးဖတ်ပါတယ်။ ကဗျာရေးတဲ့သူ့ကလောင်နာမည်က "Orind"ပါ။ အမျိုးသမီး ကဗျာဆရာမအဖြစ်သူ့ကို လူသိများလာပါတယ်။ ၁၆၆၂ ခုနှစ်မှာ အိုင်ယာလန်ကို အလည်အပတ်သွားရင်း "Ponpee"ဆိုတဲ့ ပြင်သစ်ပြဇာတ်တစ်ပုဒ်ကို ဘာသာပြန်ပါတယ်။ ပြဇာတ်အခန်း တစ်ခုနဲ့တစ်ခုအဆက်မှာ သီချင်းလေးတွေ သူက ရေးထည့်ပါတယ်။ အဲဒီပြဇာတ်ကို ဒဗ္ဗလင်မြို့မှာ ရုံတင်တော့ လူကြိုက်များပြီး

mgyoe.com

mgyoe.com

Aphra Behn

အောင်မြင်သွားတာကြောင့် လန်ဒန်မှာ ဆက်ပြီးရုံတင်ပါတယ်။

အဲဒီအချိန်ထိ လန်ဒန်မြို့တော်က ပြဇာတ်ရုံတွေမှာ အမျိုးသမီး ပြဇာတ်ဆရာမရဲ့ ဇာတ်ကို ရုံတင်တယ်ဆိုတာ မရှိသေးပါဘူး။ ကက်သရင်းက ပထမ ပါပဲ။ အဲဒီနှစ်မှာပဲ သူ့ကဗျာပေါင်းချုပ် စာအုပ် ထုတ်ဝေခဲ့ပါတယ်။

ကက်သရင်းခမျာ သက်ဆိုးမရှည်ခဲ့ရှာပါဘူး။ အောင်မြင်ကျော်ကြားစပြုလာတဲ့အချိန်မှာပဲ ကျောက်ပေါက်ပြီး ကွယ်လွန်ခဲ့ရှာပါတယ်။ ကွယ်လွန်တဲ့ ၁၆၆၄ မှာ သူ့အသက်ဟာ ၃၃ နှစ်သာ ရှိသေးတာပါ။ အဲဒီအချိန်မှာ ဒုတိယမြောက်ပြင်သစ်ပြဇာတ်တစ်ပုဒ်ကို မှီပြီး ပြဇာတ်တစ်ပုဒ်ရေးနေဆဲ ဖြစ်တယ်။

အင်္ဂလန်နိုင်ငံရဲ့ အကျော်ကြားဆုံး အမျိုးသမီး ပြဇာတ်ဆရာမက Aphra Behn(၁၆၄၀–၁၆၈၉) ဖြစ်ပါတယ်။ ၁၆၇၀ ပြည့်နှစ်မှာ သူ့ပြဇာတ်ကို ပထမဆုံး စတင်ခဲ့တာပါ။ သူငယ်ငယ်က သူ့အဖေတာဝန်ထမ်းဆောင်နေတဲ့ အနောက်အိန္ဒိယကျွန်းစုထဲက ဆူရီနမ်ကျွန်းကို လိုက်ပါနေထိုင်ခဲ့ဖူးပါတယ်။ အက်ဖရာရဲ့ ခင်ပွန်းမစ္စတာဘိန်းအကြောင်း သိပ်မသိကြရပါဘူး။ လန်ဒန်ပုလိပ်ရောဂါကပ်ကြီးထဲမှာ ခင်ပွန်းဆုံးသွားတော့ အက်ဖရာဟာ မုဆိုးမအဖြစ် ကျန်ရစ်ခဲ့ပါတယ်။

၁၆၆၆ ခုနှစ်မှာ ဒုတိယမြောက် ချားလ်ဘုရင်က အက်ဖရာကို သူလျှိုအဖြစ်နဲ့ ဥရောပတိုက်ကို လွှတ်လိုက်ပါတယ်။ တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေပေမဲ့ လန်ဒန်က သူ့ကို လစာမှန်မှန် ပို့မပေးပါဘူး။ နောက်ဆုံးတော့ နေလို့မဖြစ်တော့တာနဲ့ ပိုက်ဆံချေးပြီး ပြန်ခဲ့ရပါတယ်။ လန်ဒန်မှာ အကြွေးတွေ ပတ်လည်ဝိုင်းပြီး နေရခိုက်မှာ အကြွေးရှင်တစ်ဦးက တရားစွဲလို့ ထောင်ထဲရောက်သွားပါသေးတယ်။ နောက်တော့ ဘယ်သူဘယ်ဝါမသိရတဲ့ ကျေးဇူးရှင်တစ်ဦးက ကြွေးဆပ်ပေးလိုက်တဲ့အတွက် ထောင်က လွတ်ခဲ့ပါ

mgyoe.com

mgyoe.com

တယ်။

ထောင်ကလွတ်တော့ သူဟာ စာရေးပြီး ရပ်တည်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၁၆၇၀ ပြည့်နှစ်မှာ ပထမဆုံးပြဇာတ် "The Forced Marriage or The Jealous Bridegroom" ရေးခဲ့ပါတယ်။ ပြဇာတ်က မချစ်မနှစ်သက်သူနဲ့ အတင်းအကျပ်ပေးစားခံခဲ့ရတဲ့ မိန်းကလေးတစ်ယောက် ခင်ပွန်းအပေါ် သစ္စာမစောင့်သိနိုင်ခဲ့တဲ့ ဇာတ်လမ်းပါ။ လူကြိုက်များပြီး အောင်မြင်တဲ့ ပြဇာတ်ဖြစ်ပေမဲ့ အက်ဖရာကို ဝိုင်းပြီး ရှုတ်ချကြပါတယ်။ မိန်းကလေးတစ်ယောက်တွေးရမယ့် အကြောင်းအရာလား၊ စာရိတ္တပျက်စေတယ်.... စသည်ဖြင့် ဝေဖန်ကြပါတယ်။ ဒုတိယပြဇာတ် "The Amorous Prince" လည်း အောင်မြင်ခဲ့ပါတယ်။ သိပ်ပြီးမအောင်မြင်တဲ့ တတိယပြဇာတ်ကို ရေးပြီးတဲ့နောက် အက်ဖရာ စာမရေးဘဲ နားနေလိုက်ပါတယ်။ ၁၆၇၆ နဲ့ ၁၆၇၇ ခုနှစ်ကြားမှာပဲ အောင်မြင်ကျော်ကြားတဲ့ ပြဇာတ် ၄ ပုဒ်ရေးခဲ့ပါတယ်။ ၁၆၇၇ ခုနှစ်မှာ ရုံတင်တဲ့ "The Rover" ပြဇာတ်ဟာ အက်ဖရာရဲ့ အကောင်းဆုံးလက်ရာ အဖြစ် ချီးကျူးခံရပါတယ်။ အက်ဖရာဟာ စင်တင် ပြဇာတ် ၁၇ ပုဒ်တိတိ ရေးသားခဲ့ပါတယ်။ နောက်ဆုံးကတော့ ၁၆၈၇ ခုနှစ်မှာ စင်တင်တဲ့ "The Emperor of the Moon" ဆိုတဲ့ ဇာတ်ပါ။

၁၆၈၈ ခုနှစ်မှာ ရေးသားခဲ့တဲ့ ဝတ္ထုကြီးဖြစ်တဲ့ "Oroonoko" ဟာလည်း အထူးထင်ရှားကျော်ကြားခဲ့ပါတယ်။ အာဖရိကတိုက်က မင်းသားတစ်ပါးကို လူဖြူတွေက အကောက်ကြံဖမ်းဆီးပြီး ကျွန်အဖြစ် ရောင်းချခဲ့တဲ့ ဇာတ်လမ်းပါ။ အာဖရိကမင်းသား "အိုရူးနိုကို" ဟာ အနောက်အိန္ဒိယကျွန်းစုထဲက ဆူရီနမ်ကျွန်းမှာ ကျွန်အဖြစ်လုပ်ကိုင်နေရင်းက ငယ်ချစ်ဟောင်းနဲ့ပြန်တွေ့ပြီး ဖူးစာဆုံကြပါတယ်။ မင်းသားရဲ့ငယ်ချစ်ကလည်း မင်းသားရဲ့ အရင် အဖမ်းဆီးခံရပြီး ကျွန်အဖြစ် ရောက်သွားခဲ့ရတာပါ။ ဇနီးသည် ကိုယ်လေးလက်ဝန်နဲ့ဖြစ်လာတော့ မင်းသားက သူ့ရင်သွေးကို ကျွန်ကလေးအဖြစ် မွေးဖွားလာမှာကို မလိုလားပါဘူး။ အဲဒါကြောင့် တခြားကျွန်တွေကို စည်းရုံးလှုံ့ဆော်ပြီး ပုန်ကန်ကြပါတယ်။ ဒါပေမဲ့ သူတို့ ရှုံးနိမ့်သွားပါတယ်။ သူ့ဇနီးကို နှိပ်စက်ညှဉ်းပန်းခံရမှာစိုးတဲ့အတွက် ဇနီးသည်ကို သူကိုယ်တိုင် သတ်လိုက်ပါတယ်။ နောက်တော့ လူဖြူကျွန်ပိုင်ရှင်က မင်းသားကို ရက်ရက်စက်စက်

mgyoe.com

mgyoe.com

Paulette Randall

သတ်ပစ်လိုက်ပါတယ်။ သူ့စာအုပ်ဟာ အဲဒီခေတ်အခါက ပထမဆုံး ကျေးကျွန်စနစ် ဆန့်ကျင်ရေး ဝတ္ထုဖြစ်ပါတယ်။ အာဖရိကတိုက်သားလူမည်းများကို လူဖြူတို့ရဲ့ ထုံးစံအတိုင်း အရိုင်းအစိုင်းတွေလို့ သူက မမြင်ပါဘူး။ မရေးပါဘူး။ မရေးရုံတင်မကပါဘူး။ လူဖြူ အင်္ဂလိပ်တွေရဲ့ လူမဆန်တဲ့ ရက်စက် ကြမ်းကြုတ်မှုတွေကို ရှုတ်ချဝေဖန်တာမျိုး တောင် အက်ဖရာက လုပ်ခဲ့ပါသေးတယ်။

သူ့ဝတ္ထုပြဇာတ်တွေကို လူကြိုက်များပေမဲ့ သူ့ကိုတော့ ရှုတ်ချဝေဖန်သံတွေညံနေအောင် ကြားရပါတယ်။ အိမ်ထောင်မရှိတဲ့ မိန်းမသားတစ်ယောက်က ယောကျ်ားတွေနဲ့ ပခုံးယှဉ်ပြီး လုပ်ကိုင်ဆောင်ရွက်နေတာကို အဲဒီခေတ် အင်္ဂလိပ်တွေလက်မခံနိုင်ကြသေးဘူးလေ။ သူ့ကို အကျင့်စာရိတ္တနဲ့ ပတ်သက်ပြီး ရစရာမရှိအောင် ပြောကြပါတယ်။

ဘယ်လိုပဲပြောပြော အက်ဖရာကလည်း မမှုပါဘူး။ သူ့အလုပ်ကို သူလုပ်ပြီး စာတွေအများကြီး ရေးသွားခဲ့တာပါ။ ၁၉၈၉ ခုနှစ်မှာ သူကွယ်လွန်တော့ ဝက်စ်မင်စတာ ကျောင်းတော်ကြီးအတွင်းမှာ ဂုဏ်ပြုမြှုပ်နှံခဲ့ကြပါတယ်။ "Paulette Randall" ဟာ ပထမဆုံး စင်တင်ခံရတဲ့ လူမည်းအမျိုးသမီးပြဇာတ်ရေးဆရာဖြစ်ပါတယ်။ သူ့ပြဇာတ် "Fishing" ကို ၁၉၈၄ ခုနှစ်မှာ ရုံတင်ခဲ့ပါတယ်။ သူဟာ ဗြိတိန်နိုင်ငံရဲ့ ပထမဆုံးသော လူမည်းအမျိုးသမီးများချည်းပါတဲ့ ပြဇာတ်ကုမ္ပဏီကို တည်ထောင်ခဲ့သူလည်း ဖြစ်ပါတယ်။

Kate Murphy ရေး: Firsts: The Livewire Book of British Women Achievers ဆိုတဲ့ စာအုပ်ထဲက ကောက်နုတ်ပြန်ဆိုရေးသားထားတာပါ။ (မြားနတ်မောင်၊ ဧပြီ၊ ၂၀၀၀)

□

mgyoe.com

mgyoe.com



ပထမဆုံး အင်္ဂလိပ်အမျိုးသမီးသီချင်းရေးသူ မေရီဟာဗေး လေဒီဒ်ရင်း

mgyoe.com

mgyoe.com

၅။ ပထမ အမျိုးသမီး တေးရေးဆရာ

စကော့တလန်နိုင်ငံရဲ့ ဘုရင်မ မာဂရက်ဟာ ၁၁ ရာစု ကာလလောက် ဆီက တေးသီချင်းတွေ သီကုံးရေးစပ်ခဲ့တယ်လို့ ဆိုခဲ့ကြတယ်။ အန်းဘို လိန်းလည်း လူကြိုက်များတဲ့ သီချင်းတွေရေးခဲ့ဖူးသတဲ့။ ဒါပေမဲ့ အထောက် အထား ပြစရာရယ်လို့တော့ မရှိခဲ့ပါဘူး။ သူပြော ငါပြော အပြောများတာ သာရှိပါတယ်။

အထောက်အထား အခိုင်အမာနဲ့ ပြောနိုင်တဲ့ ပထမဆုံး အင်္ဂလိပ်အမျိုး သမီးသီချင်းရေးသူကတော့ မေရီဟာဗေး လေဒီဒ်ရင်း (၁၆၂၉–၁၇၀၄) ဖြစ် ပါတယ်။ သူရေးခဲ့တဲ့ "A False Desigine to the Cruel" ဆိုတဲ့ သီချင်း ကို ၁၆၆၉ ခုနှစ် ထုတ်ဝေတဲ့ သီချင်း ပေါင်းချုပ်စာအုပ်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။

Ann Shepped Mounsey

ပထမဆုံး သီချင်းရေးပြီး ပိုက်ဆံ ရခဲ့သူကတော့ လေဒီအာသာဟီးလ်ဟု လူသိများတဲ့ Annie Fortescue Harrison ဖြစ်ပါတယ်။ "In the Gloaming" ဆိုတဲ့ သီချင်းရေးပြီး ရောင်းခဲ့တာပါ။

mgyoe.com

mgyoe.com

Ethel Smyth

၁၉ ရာစုထဲမှာ လူသိအများဆုံး အင်္ဂလိပ်အမျိုးသမီး သီချင်းရေးသူကတော့ အော်ဂင်တီးတဲ့ Ane Sheppard Mounsey(၁၈၁၁–၁၈၉၁) ဖြစ်တယ်။ အန်းဟာ ၉ နှစ်သမီးကတည်းက ဂီတကိုလေ့လာသင်ယူခဲ့တာဖြစ်ပြီး သီချင်းတွေအမျိုးမျိုး ရေးခဲ့ပါတယ်။ ပုဒ်ရေလည်း တော်တော်များပါတယ်။ ဗြိတိသျှပြတိုက်ကြီးထဲမှာ သူ့သီချင်းတွေအတော်များများ စုဆောင်းသိမ်းဆည်းထားပါတယ်။ ပြတိုက်ကြီးရဲ့ တစ်နေရာမှာ သူ့ဓာတ်ပုံကိုလည်း ချိတ်ဆွဲထားပါတယ်။

အမျိုးသမီးထဲက ဂီတပညာရပ်နဲ့ ပတ်သက်တဲ့ ဘွဲ့အဒွဲ့ကို ပထမဆုံးဖြေဆိုအောင်မြင်ခဲ့သူက အယ်လီဇဘက်စတားလင်း (၁၈၁၉–၁၈၉၅) ဖြစ်ပါတယ်။ ဘီအေ စာမေးပွဲအောင်ခဲ့ပေမဲ့ အက်လီဇဘက်စတားလင်း ဘွဲ့မရခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ အောက်စဖို့ဒ်တက္ကသိုလ်ကမိန်းကလေးများကို ဘွဲ့မပေးပါဘူး။ ၁၉၂၁ ခုနှစ်လောက်ကျမှ စတင်ဘွဲ့ပေးတာပါ။

ပထမဆုံးဂီတနဲ့ဝိဇ္ဇာဘွဲ့ရသူကတော့ အိုင်ယာလန်သူ Annie Wilson Patterson ဖြစ်ပါတယ်။ အိုင်ယာလန်နိုင်ငံ တော်ဝင်တက္ကသိုလ်က ဘွဲ့ရခဲ့ပါတယ် (၁၈၈၇)။ အဲဒီနောက် ၁၈၈၉ ခုနှစ်ကျတော့ အင်နီဟာ ပထမဆုံးဂီတပညာဒေါက်တာဘွဲ့ရအမျိုးသမီး ဖြစ်သွားပါတယ်။

အင်္ဂလန်ကျွန်းကနေပြီး ကမ္ဘာအထိ ကျော်ကြားသွားခဲ့တဲ့ ပထမဆုံးအမျိုးသမီးတေးရေးသူကတော့ အီသယ်စမစ် (Ethel Smyth၁၈၅၈–၁၉၄၄) ဖြစ်တယ်။ ဆွေကြီးမျိုးကြီးထဲက ဆင်းသက်လာတဲ့ အီသယ်ဟာ ဂီတပညာရှင်တစ်ယောက် ဖြစ်သာလာရတယ်။ သူ့အဖေက ဂီတသမားတွေကို မနှစ်မြို့သူတစ်ဦး ဖြစ်ပါတယ်။ မိန်းကလေးတွေ ပညာသင်ကြားခြင်းကိုလည်း သူ့အဖေက ဆန့်ကျင်ပါတယ်။ အီသယ် ၁၂ နှစ်သမီးအရွယ်မှာ ဂီတပညာ

mgyoe.com

mgyoe.com

သင်ချင်တယ်လို့ ပူဆာတော့ သူ့အဖေက ခွင့်မပြုပါဘူး။ အီသယ်က တပူပူ တဆာဆာလုပ်လွန်းမက လုပ်တော့မှ ခွင့်မပြုချင်ပြုချင်နဲ့ ဂျာမနီနိုင်ငံ လစ်ပဇစ်မြို့တော်ကိုပို့ပြီး ပညာသင်စေပါတယ်။

အီသယ်ဟာ ဂီတပညာသင်ရင်း ဥရောပမှာ ၁၀ နှစ်ကျော် နေထိုင်ခဲ့ပါတယ်။ အဲဒီလိုနေရင်း အိမ်ထောင်ရှိလူတစ်ယောက်နဲ့ ချစ်ကြိုက်ခဲ့မိပါတယ်။ နောက်ဆုံးတော့ စိတ်ညစ်စရာတွေကို နောက်ချန်ထားခဲ့ပြီး အီသယ် အင်္ဂလန်ကို ပြန်ခဲ့ပါတယ်။

အင်္ဂလန်ရောက်တော့ ဂီတပညာရှင်တစ်ဦး၊ တေးရေးဆရာ တစ်ဦး အနေနဲ့ အီသယ်အောင်မြင်ခဲ့ပါတယ်။ ပရိသတ်ရှေ့မှာ ပထမဆုံး ဖျော်ဖြေတဲ့ နေ့မှာ အီသယ်တို့ တစ်အိမ်လုံးသွားပြီး အားပေးကြပါတယ်။ သူ ပထမဆုံး ဖျော်ဖြေခဲ့တာက ခရစ်စတယ်ပဲလေ့စ်မှာပါ။ ၁၈၉၀ ခုနှစ်က ဖြစ်ပါတယ်။ လာကြည့်တဲ့ ပရိသတ်ထဲမှာ ဥရောပမှာတုန်းက ချစ်ကြိုက်ခဲ့ဖူးတဲ့ ဟယ်ရီ ဘရူးစတားလည်း ရှိနေပါတယ်။

အီသယ်ဟာ ရှေးအရင်လက်စ ဆက်ကြဦးစို့လို့ ဆိုလာတဲ့ ဟယ်ရီရဲ့ စကားကိုလက်ခံပြီး ပြန်ဆက်ဖြစ်ကြပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ အီသယ်ဟာ ပေါလင်းဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ချစ်ကြိုက်ခဲ့ဖူးပါတယ်။ ဟယ်ရီကို အဲဒီအမျိုးသမီးကြီးနဲ့ပတ်သက်ပြီးမှ သိရတာပါ။ ဟယ်ရီက အဲဒီအမျိုးသမီးကြီးရဲ့ မတ်ဖြစ်နေတာကိုး။

ဟယ်ရီဟာ အီသယ်နဲ့တွေ့ပြီးနောက် သူ့ဇနီးနဲ့ ကွာရှင်းလိုက်ပါတယ်။ ကွာရှင်းပြီးတော့ သူက အင်္ဂလန်ကို လိုက်လာခဲ့ပါတယ်။

အီသယ်ရဲ့ ပထမဆုံးတေးဂီတဖြစ်တဲ့ Mass in D ဟာ သူ ချစ်ကြိုက်ခဲ့ဖူးတဲ့ ပေါလင်းကို စွဲလမ်းစိတ်နဲ့ ရေးဖြစ်ခဲ့တာပါ။ အဲဒီ ပထမဆုံးတေးဂီတကို ၁၈၉၁ ခုနှစ်မှာ ဝိတိုရိယဘုရင်မကြီးရှေ့မှာ တင်ဆက်ခဲ့ရပါတယ်။ ၁၈၉၃ ခုနှစ်ကျတော့ နာမည်ကျော် 'တော်ဝင်အဲလ်ဘတ်' ခန်းမဆောင်ကြီးထဲမှာ တင်ဆက်ခဲ့ရပါတယ်။ အမျိုးသမီး ဂီတပညာရှင်တစ်ဦးအနေနဲ့ ဒီလိုနေရာတွေမှာ တင်ဆက်ဖျော်ဖြေခွင့်ရတယ်ဆိုတာကိုက အင်မတန်ထူးခြားတဲ့ ထူးခြားမှုကြီးဖြစ်ပါတယ်။

အဲလ်ဘတ်ခန်းမကြီးမှာ တင်ဆက်ပြီးတဲ့နောက် အီသယ်ရဲ့ အမည်

mgyoe.com

mgyoe.com

ဟာ ဥရောပမှာပါ ကျော်ကြားသွားပါတယ်။ Fantasio ဆိုတဲ့ ဂီတနဲ့ Der Wald ဆိုတဲ့ အော်ပရာဟာ ဥရောပတစ်ဝန်းလုံးမှာ လူကြိုက်များလှပါတယ်။ နောက်တစ်ပုဒ်ဖြစ်တဲ့ (The Wreckers) ဆိုတဲ့ ဂီတကိုတော့ ဟယ်ရီဘရူး စတားနဲ့ ပူးတွဲရေးခဲ့တာပါ။ ဟယ်ရီနဲ့ အီသယ်ဟာ ရင်းနှီးတဲ့မိတ်ဆွေများ အဖြစ် နှစ်ပေါင်းများစွာ နေခဲ့ကြပါတယ်။ ဟယ်ရီရဲ့ လက်ထပ်ဖို့တောင်းဆိုမှု ကို အီသယ်က ငြင်းပယ်ခဲ့ပါတယ်။

အီသယ်ရဲ့ အော်ပရာကို ၁၉၀၆ ခုနှစ်မှာ လစ်ပဇစ်မှာ တင်ဆက်တော့ လက်ခုပ်သံတွေ တဖြောင်းဖြောင်းနဲ့ ညံမစဲတော့ပါဘူး။ ဥရောပပွဲတွေပြီး တော့ အင်္ဂလန်ကို ပြန်ကြပါတယ်။ ပြန်ရောက်ပြီး သိပ်မကြာခင်မှာ ဟယ်ရီ ဟာ ကင်ဆာရောဂါနဲ့ ဆုံးပါးသွားခဲ့ပါတယ်။ အဲဒီအခါ အီသယ်ဟာ အတော်ကြီး စိတ်ထိခိုက်သွားခဲ့ပါတယ်။

၁၉၁၀ ခုနှစ်ဟာ အီသယ်ရဲ့ဘဝကို တစ်ဆစ်ချိုးပြောင်းလဲသွားစေတဲ့ နှစ်ဖြစ်ပါတယ်။ အဲဒီနှစ်မှာ အမျိုးသမီးအခွင့်အရေးခေါင်းဆောင် အမ္မလင်း ပင့်ဟတစ် တရားဟောတာကို နားထောင်လိုက်ရပါတယ်။ ချက်ချင်းပဲ အဲဒီ အယူအဆကို သဘောကျပြီး ထောက်ခံပါတော့တယ်။ အမျိုးသမီးများ ဆန္ဒ မဲပေးခွင့်ရရေးကို တက်တက်ကြွကြွ လှုံ့ဆော်စည်းရုံးပါတယ်။ ၁၉၁၁ ခုနှစ် ထဲရောက်တော့ နာမည်ကျော် "The March of the Women" ဆိုတဲ့ တေးသီချင်းကို သီကုံးရေးစပ်ခဲ့ပါတယ်။ ဒီသီချင်းဟာ ချက်ချင်းပဲ အမျိုးသမီး လှုပ်ရှားမှုကြီးရဲ့ သီချင်းအဖြစ် ရောက်သွားပါတယ်။

၁၉၂၂ ခုနှစ်ရောက်တော့ အမျိုးသမီးဆန္ဒပြပွဲတစ်ခုမှာ ပါဝင်ခဲ့တာ ကြောင့် အီသယ်ကို ဖမ်းဆီးပြီး ထောင်ဒဏ် ၂ လ အပြစ်ပေးလိုက်ပါတယ်။ ထောင်ကထွက်လာပြီးတဲ့ နောက်ကျတော့ အီသယ်ဟာ ဂီတဘက်ကို ပြန် လှည့်ခဲ့ပါတယ်။ တေးဂီတတွေလည်း အများကြီးဖန်တီးနိုင်ခဲ့တယ်။ အင်္ဂလိပ် အစိုးရက ၁၉၂၂ ခုနှစ်ထဲမှာ အီသယ်ကို ဗြိတိသျှအင်ပါယာကြီးရဲ့ ဂုဏ်ထူး ဆောင် DBE ဘွဲ့တံဆိပ် ချီးမြှင့်တာကို ခံရပါတယ်။

အီသယ်ရဲ့ ၇၅ နှစ်မြောက်မွေးနေ့ပွဲမှာ Mass in D အော်ပရာကို တော်ဝင်အဲလ်ဘတ်ခန်းမကြီးထဲ တင်ဆက်ကာ ဖျော်ဖြေခဲ့ပါတယ်။ အီသယ် ရဲ့ဘေးမှာ မေရီဘုရင်မကြီး ရှိတယ်လေ။ ဝမ်းနည်းစရာကောင်းတဲ့အချက်

mgyoe.com

mgyoe.com

ကတော့ နားနဲ့ဖန်ဆင်းရတဲ့ ဂီတပညာရှင်ကြီး အီသယ်ဟာ မကွယ်လွန်မီ ၁၀ နှစ်လောက်ကတည်းက နားမကြားရတော့တဲ့သူ့ဘဝကို ရောက်သွားရတယ်ဆိုတာပါပဲ။

Kate Murphy ရေး Firsts: The Livewire Book of British Women Achievers ဆိုတဲ့ စာအုပ်ထဲက ကောက်နုတ်မြန်မာပြန်ထားတာပါ။ (မြားနတ်မောင်၊ ဇန်နဝါရီ၊ ၂၀၀၀)

❐

mgyoe.com

mgyoe.com

ကမ္ဘာတစ်လွှား ကျော်ကြားသွားခဲ့သူ အင်္ဂလိပ်လျှပ်စစ်အင်ဂျင်နီယာ ဟာသာ

mgyoe.com

mgyoe.com

၆။ ပထမ အမျိုးသမီး အင်ဂျင်နီယာ

စက်မှုအတတ်ပညာနဲ့ အမျိုးသမီးဆိုတာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်တယ်ဆိုတဲ့ အယူအဆဟာ ၁၉ ရာစုကုန်ဆုံးချိန်ထိ အခိုင်အမြဲရှိနေပါသေးတယ်။ စက်ရုံအလုပ်ရုံတွေထဲမှာ အမျိုးသမီးတွေ ဝင်ရောက်လုပ်ကိုင်တာမျိုး ရှိနေပါပြီ။ ဒါပေမဲ့ အောက်ခြေသိမ်းလုပ်ငန်းတွေမှာသာ လုပ်ကိုင်နိုင်ကြပါတယ်။ အမျိုးသမီးစက်မှုပညာရှင်၊ အင်ဂျင်နီယာရယ်လို့တော့ မရှိပါဘူး။

၁၈၉၉ ခုနှစ်၊ အင်္ဂလန်နိုင်ငံက လျှပ်စစ်အင်ဂျင်နီယာအသင်းကြီးထဲကို အမျိုးသမီးတစ်ယောက် ဝင်ရောက်လာခဲ့ပါတယ်။ ပထမဆုံး အမျိုးသမီးအသင်းဝင်ဖြစ်လို့ ကမ္ဘာတစ်လွှား ကျော်ကြားသွားခဲ့ပါတယ်။

Hertha Ayrton

အဲဒီအမျိုးသမီးက Hertha Ayrton (၁၈၅၄–၁၉၂၃) ဖြစ်ပါတယ်။ မူလ သူ့နာမည်က 'ဟာသာ' မဟုတ်ပါဘူး။ ဖီဘီဆရာ မတ်ခ်ပါ။ အစဉ်အလာက ချိုးဖောက်ထွက်ချင်တဲ့ စိတ်ဓာတ်ကြောင့် သူ့အသက် ၁၆ နှစ်မှာ 'ဟာသာ' လို့ ပြောင်းလိုက်တာဖြစ်ပါတယ်။

mgyoe.com

mgyoe.com

သူ့ဖခင်က နာရီလုပ်ငန်းလုပ်တဲ့ လက်မှုပညာသည်ဖြစ်ပါတယ်။ ဟာသာကလေးအရွယ်မှာ သူ့ဖခင် ဆုံးပါးသွားပါတယ်။ မုဆိုးမမိခင်က ခက်ခဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားပြီးမှ မွေးခဲ့ရတာဖြစ်တော့ 'ဟာသာ' ငယ်စဉ်က ပညာကောင်းကောင်းသင်ခွင့်မရခဲ့ရှာပါဘူး။

ဒါပေမဲ့ ကံကောင်းထောက်မပြီး အသက် ၁၉ နှစ်အရွယ်မှာ အမျိုးသမီး အခွင့်အရေးတိုက်ပွဲဝင်တစ်ဦးဖြစ်တဲ့ Barbara Bodichon(၁၈၂၇-၁၈၉၁) နဲ့ တွေ့ဆုံခဲ့ပါတယ်။ ဘာဘရာက အမျိုးသမီးတွေ မဲပေးခွင့်ရရေးအတွက် တိုက်ပွဲဝင်တဲ့ ရှေ့တန်းခေါင်းဆောင်တစ်ဦးဖြစ်သလို အမျိုးသမီးတွေ တက္ကသိုလ် ကောလိပ်တက်ခွင့်ရရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်သူလည်း ဖြစ်ပါတယ်။

ဘာဘရာဟာ ဟာသာကို စောင့်ရှောက်ပြီး တက္ကသိုလ်တက်ဖို့ တွန်းအားပေးပါတယ်။ ငွေကြေးထောက်ပံ့မှုလည်း ပြုပါတယ်။ ဘာဘရာရဲ့ နှိုးဆော်တိုက်တွန်းမှု၊ ကူညီမှုကြောင့် ဟာသာဟာ ရူပဗေဒဘာသာရပ်ကို တက္ကသိုလ်မှာ ဆက်ပြီးသင်ယူပါတယ်။ ပါမောက္ခ William Ayrton ရဲ့ လက်အောက်မှာ သုတေသနလုပ်ငန်းတွေ လုပ်ပါတယ်။

ပါမောက္ခဝီလျံဟာ တိုးတက်ခေတ်မီတဲ့ အတွေးအခေါ်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ ယောကျ်ား မိန်းမ တန်းတူဝါဒကို ထောက်ခံသူလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် ဟာသာတက္ကသိုလ်ရောက်ပြီး နောက်တစ်နှစ်မှာ ပါမောက္ခဝီလျံနဲ့ အိမ်ထောင်ပြုလိုက်ပါတယ်။

ရူပဗေဒနယ်ပယ်ထဲမှာ ဟာသာ အထူးစိတ်ဝင်စားတာက 'လျှပ်စစ်' ပညာရပ်ပါ။ ဒီပညာကို စာတွေ့လက်တွေ့ နှစ်ဖက်စလုံးက ကြိုးစားပြီး လေ့လာဆည်းပူးပါတယ်။ သူ လေ့လာရသမျှတွေကို စာတမ်းပြုစုပြီး ပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်လည်း လုပ်ပါတယ်။

၁၉၀၁ ခုနှစ်မှာတော့ ဂုဏ်သိန်ကြီးမြင့်လှတဲ့ 'တော်ဝင်သိပ္ပံ အသင်းကြီး' ကို စာတမ်းတင်ပြခွင့်ပြုခြင်း ခံရပါတယ်။ စာတမ်းကိုသာ တင်ခွင့်ပြုတာပါ။ စာတမ်းရှင်ကိုတော့ ကိုယ်တိုင်ဖတ်ကြားတင်သွင်းခွင့်မပြုပါဘူး။ အဲဒီအချိန်က တော်ဝင်သိပ္ပံအသင်းကြီးမှာ အမျိုးသမီးတွေ တက်ရောက်ဟောပြောတာမျိုးကို လက်မခံသေးပါဘူး။ အဲဒါကြောင့် ဟာသာရဲ့စာတမ်းကို

mgyoe.com